# *နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*

## အပိုင်း ၃၊ အခန်း ၅ - အစိုးရ၏တာဝန်

**သင်ခန်းစာရည်ရွယ်ချက်များ**

သင်တန်းပြီးဆုံးသွားချိန်တွင် သင်တန်းသားများအနေဖြင့် ဖြစ်သင့်သည်မှာ

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည်အစိုးရ၏တာဝန်အထိဖြစ်လာနိုင်သည်ကိုရှင်းပြရန်
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှဖြစ်ပေါ် ချိုးဖောက် လာနိုင်သည့် ပင်မအရင်းခံနှင့် လုပ်ထုံးလုပ်နည်းဖောက်ဖျက်ခြင်းဆိုင်ရာ လူ့အခွင့်အရေးဥပဒေများ ကိုဖော်ပြရန်
- အစိုးရ၏လုပ်ဆောင်ရမည့်အပိုင်းကိုပျက်ကွက်ချိုးဖောက်နိုင်သည့်အချက်အလက်များကို သိရှိရန်

| | |
|---|---|
| သင်တန်းကြာမြင့်ချိန် အတွက်အကြံပြုခြင်း | **၆၀-၉၀ မိနစ်** |
| လေ့ကျင့်ခန်း | **အစိုးရတာဝန်ကိုသိရှိရန်**<br>**ခိုင်မာသည့်အမှုတခုကိုဆန်းစစ်လေ့လာခြင်း (မိနစ် ၆၀-၇၀၊ အဖွဲ့လိုက်ဆောင်ရွက်ရန်နှင့် ပြန်ပြောပြရန်)** |

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း နှင့်သက်ဆိုင်သည့် အပိုင်းများ**

စာမျက်နှာ ၆၄-၇၃၊ အခန်း ၂- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုသဘောပေါက်ခြင်း၊အခန်း -၃ တာဝန်ခံမှုလမ်းကြောင်းများနှင့်ကုစားနည်းများ၊ အခန်း ၄- တဦးတယောက်ချင်းစီ၏ရာဇဝတ်မှုဆိုင်ရာတာဝန်ယူမှု၊အခန်း ၆-ပြန်လည် ကုစား ပေးလျှော်မှု reparations ၊အခန်း ၁၀-လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသက်သေခံအမျိုးအစားများ၊ နောက်ဆက်တွဲ ၁ - သက်သေခံ လေ့ကျင်ခန်း လက်စွဲစာအုပ် Evidence Workbook

ဤအပိုင်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အစိုးရ၏တာဝန်ယူမှုနှင့်ချိတ်ဆက်ပေးရန်အတွက် ဥပဒေဆိုင်ရာအခြေခံဗဟုသုတပေးခြင်းနှင့်လူ့အခွင့်အရေးချိုးဖောက်ခြင်းကိုသက်သေပြရန်မည်သည်ကိုမှတ်တမ်းတင်ရန်လိုကြောင်းမူဘောင်တခု သင်တန်းသားများကို ပေးရန်ဖြစ်သည်။ ယခုအပိုင်းသည် အခန်း ၄ ရှိ တဦးတယောက်ချင်းစီ၏ရာဇဝတ်မှုဆိုင်ရာတာဝန်ယူမှုအပိုင်းနှင့်အတူယှဉ်တွဲကြည့်ရန်ဖြစ်သည်။ ဥပဒေမူဘောင်အမျိုးမျိုးတွင်စိုးမိုးတာဝန်ယူသည့်အပိုင်းတခုစီရှိပြီး၊လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်တ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ခုတည်းကပင် တာဝန်ယူရသည့်ပုံစံနှစ်မျိုးဖြစ်ပေါ်စေသည် ကို သင်တန်းဆရာ က ထပ်တလဲလဲသတိပေးဖို့အရေးကြီးသည်။

ယခုသင်တန်းတွင်ထိရောက်သည့်အချက်အလက်များပေးနိုင်ရန်ဤအပိုင်းနှင့်အခြားဥပဒေဆိုင်ရာအပိုင်းများ( အခန်း ၃-၆)ကို သင်ကြားသည့်သင်တန်းဆရာ သည်ဥပဒေပညာနောက်ခံရှိသူဖြစ်သင့်သည်။ ထို့အပြင် ယခုအပိုင်းအတွက် သင်တန်းဆရာသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကိုလည်း ရင်းနှီးသူဖြစ်သင့်ပြီး ဒေသတွင်း နှင့်/ သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားသို့ တင်ပြဖူးသည့် ဆက်သွယ်ဆောင်ရွက်ချက်များ နှင့်/သို့မဟုတ် အခြား တင်ပြချက်များကဲ့သို့လက်တွေ့အတွေ့အကြုံရှိသူဖြစ် သင့်သည်။ သင်တန်းဆရာသည် မည်သည့် လူ့အခွင့်အရေး ယန္တရားက သင်တန်းသားများ လေ့ကျင့်နေသည့် အောက်ပါအကြောင်းအရာနှင့် ဆက်စပ်နေပါသလဲဆိုသည်ကိုရှာဖွေသင့်သည်။

- မည်သည့်လူ့အခွင့်အရေးပဋိညာဉ်များစာချုပ်များနှင့်အခြားသဘောတူညီချက်များကို အဆိုပါသက်ဆိုင်သည့်နိုင်ငံက လက်မှတ်ရေးထိုးထားသည်(သက်ဆိုင်နိုင်ချေရှိသောထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေအပြင်)
- မည်သည့်အချိန်တွင်ယင်းသဘောတူစာချုပ်များကဥပဒေအရအသက်ဝင်လာသည်
- နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ခြင်းကိုစောင့်ကြည့်စစ်ဆေးရန် သတ်မှတ်ထားသည့်တရားရုံးကော်မရှင်သို့မဟုတ်အခြားအဖွဲ့များ၏ကျွမ်းကျင်မှုကိုသက်ဆိုင်ရာနိုင် ငံကလက်ခံ/မခံနှင့် ထိုအဖွဲ့များမည်သို့သင့်တော်သလိုဆောင်ရွက်ခြင်းရှိ/မရှိ
- သက်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများနှင့်ကိုးကားအသုံးပြုနိုင်သည့်ထုံးတမ်းစဉ်လာနိုင်ငံတကာ ဥပဒေများတွင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုရှင်းလင်းပြတ်သားသည့်တားမြစ်ချက်များပါဝင်ပါ သလား
- ယခင်ကများစွာအသုံးပြုခဲ့သည့် ပြည်တွင်းကုစားနည်းတွင်လိုအပ်ချက်များရှိ/မရှိ နှင့်- အခြားလက်ခံသင့်သည့် သတ်မှတ်ချက်များအပါအဝင်သက်ဆိုင်သည့်ချွင်းချက်များ - နှင့်
- ထို CARSV သားကောင်များ အတွက် ဥပဒေပိုင်းဆိုင်ရာ ထုတ်ပြန်သည့် ဆုံးဖြတ်ချက်နှင့် အခြား ဆက်စပ် ဆောင်ရွက်ချက်များ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ယခုသင်တန်းတွင် သင်တန်းသားများထဲမှ ရှေ့နေမဟုတ်သူများကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေယေဘုယျသဘောတရားကိုအခြေခံနားလည်ရန်၊အခြေခံအခွင့်အရေးများချိုးဖောက်ခြင်းကိုအစိုးရတရပ်အနေဖြင့် တာဝန်ခံရန် လိုအပ်သည့်အဓိကအမျိုးအစား၂ချက် (မည်သည့် အခွင့်အရေးများ ချိုးဖောက်ခံရသည်နှင့် အစိုးရမှမည်သို့တာဝန်ခံသည်)၊ နှင့် ထိုအမျိုးအစားနှစ်ခုတွင်တခုချင်းအတွက် အကျုံးဝင်မည့်သတင်းအချက်အလက် မှတ်တမ်းပြုနိုင်ရန်အခြေခံနည်းစနစ်များသင်ကြားသင့်သည်။ ဥပဒေဆိုင်ရာ အတွေ့အကြုံရှိသည့်သင်တန်းသားများအတွက် အစိုးရ၏တာဝန်များဖြစ်သော (၁) အစိုးရ၏အခွင့်အာဏာဖြင့်ဆောင်ရွက်နေသည့် အစိုးရအဖွဲ့များ သို့မဟုတ် လူပုဂ္ဂိုလ်များ ၏လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှု/ထိန်ချုန်ထားခြင်း၊ သို့မဟုတ် (၂) CARSVသားကောင်များနှင့်အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများကိုကာကွယ်၊စစ်ဆေး၊တရားစွဲခြင်းနှင့်ပြစ်ဒဏ်ချမှတ်ခြင်းနှင့်လုံလောက်သည့် ပြန်လည်ကုစားပေးလျှော် မှုစသည့် မဖြစ်မနေ ဆောင်ရွက် ပေးရမည့် တာဝန်ဝတ္တရားများ positive obligations တွင်ပါဝင်ဆောင်ရွက်ရန်ပျက်ကွက်မှုကိုသက်သေပြနိုင်မည့် ဥပဒေအချက်အလက်များနှင့်ဆိုင်သည့် ဗဟုသုတ များကိုပို၍အသေးစိပ်နားလည်ရန်သင်တန်းမှသင်ကြားသင့်သည်။

အစိုးရ၏တာဝန်ပျက်ကွက်သည်ဟူသော အဆိုကိုဆောက်တည်ရန် လူ့အခွင့်အရေးဥပဒေအမျိုးမျိုးနှင့် ဥပဒေဆိုင်ရာအင်္ဂါရပ်အချို့တို့မှ အာမခံထားသည့်အချို့သောအခွင့်အရေးတို့မှာ ကွဲပြားကြောင်း သင်တန်းဆရာမှ စောစီးစွာသတိပေးထားရမည်ဖြစ်သည်။ ဥပမာ-ညှင်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ ညှင်းပန်းနှိပ်စက်မှုဆိုင်ရာပဋိညာဉ်/သဘောတူစာချုပ်တွင်[1] အဓိပ္ပါယ်ဖွင့်ထားခြင်းနှင့် အမေရိကတိုက်အတွင်း ညှင်းပန်းနှိပ်စက်မှုကိုကာကွယ်အပြစ်ပေးခြင်းဆိုင်ရာပဋိညာဉ်/သဘောတူစာချုပ်[2] တို့တွင် အစိုးရအရာရှိတစ်ဦး ၏သဘောတူညီမှု ပါဝင်နေသည်။ ယင်းအချက်မှာ နိုင်ငံသား နှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တွင်ဥပဒေအင်္ဂါရပ်အနေနှင့်မပါဝင်ပေ။ သို့မဟုတ် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ၊ တိုင်းနိုင်ငံအသီးသီး၏ နိုင်ငံဆိုင်ရာဥပဒေတွင်လည်း မပါဝင်ပေ။ သင်ကြားရေးနည်းစနစ် တွင်လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းလိုအပ်ချက်ကိုမှီငြမ်းရန်နှင့် ဥပဒေကိုးကားနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်သက်သေခံ လေ့ကျင့်ခန်း လက်စွဲစာအုပ်တွင် မှုဘောင်တခုပေးထားသည်။

**1**ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ၁၀ ဒီဇင်ဘာ ၁၉၈၄ တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ညှင်းပန်းနှိပ်စက်မှုနှင့်အခြား ရက်စက်ကြမ်းကြုတ်၊ လူမဆန် သို့မဟုတ် ငြိုးနွမ်းစေသည့် အပြုအမူလုပ်ရပ် သို့မဟုတ် အပြစ်ပေးမှုများ ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်

**2**အမေရိကားတိုက် အထွေထွေ ညီလာခံမှ ၉ ဒီဇင်ဘာ ၁၉၈၅ တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ညှင်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ရေး နှင့် အရေးယူ အပြစ်ပေးရေး ဆိုင်ရာ အမေရိကားတိုက် နိုင်ငံများအကြားသဘောတူစာချုပ်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

လူ့အခွင့်အရေး ဆိုင်ရာတာဝန်ခံမှု့ ယန္တရားတွင် တိုင်းပြည် ၏အခြေခံဥပဒေတရားရုံးနှင့် သာမန်တရားရုံးများ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ဒေသဆိုင်ရာနှင့် ဥရောပ လူ့အခွင့်အရေးတရားရုံးကဲ့သို့ ဒေသခွဲ လူ့အခွင့်အရေး တရားရုံးများ၊ ဒေသတွင်းနှင့်နိုင်ငံတကာလူ့အခွင့်အရေးတရားရုံးများ၊ကော်မတီများနှင့် လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်နှင့်အခြားလုပ်ငန်းဆိုင်ရာအဖွဲ့များ၊နိုင်ငံတကာတရားရုံး၊စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် အမျိုးသားအဆင့်၊ဒေသအဆင့်သို့မဟုတ်နိုင်ငံတကာအဆင့် တွင်ဖွဲ့စည်းထားသည့်အချက်အလက်ရှာဖွေရေးအဖွဲ့များ၊အမှန်တရားနှင့်ပြန်လည်သင်မြတ်ရေးကော်မရှင်များကဲ့သို့အခြားစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများပါဝင်ကောင်းပါဝင်နိုင်သည်။ အသုံးပြုသည့်နည်းလမ်းယန္တရားအလိုက် လုပ်ပိုင်ခွင့်၊ကိုးကားသည့်တည်ဆဲဥပဒေ၊တင်သွင်းခွင့်နှင့်သက်သေခံအထောက်အထားများလိုအပ်ချက်တို့မှာ ကွဲပြားနိုင်သည်။သင်တန်းဆရာမှသင်တန်းသားများနှင့်သက်ဆိုင်မည့်လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်သည့် နည်းလမ်းများနှင့်ပတ်သက်သည့်နမူနာများကို အခန်း ၃(တာဝန်ခံမှု့လမ်းကြောင်းများနှင့်ကုစားနည်းများ) တွင်ကိုးကားပြနိုင်သည်။

ယင်းအပိုင်းသည်နိုင်ငံများ/အစိုးရများ၏လိုက်နာရန်တာဝန်များနှင့်၊လူတဦးချင်းစီ၏အခြေခံလူ့အခွင့်အရေးများချိုးဖောက်ခံရခြင်းတွင်ပါဝင်နိုင်သည့်ကျူးလွန်သောလုပ်ရပ်အမျိုးအစားများနှင့်အစိုးရ၏တာဝန်တို့ကိုချိတ်ဆက်နိုင်ရန် အကြမ်းဖျင်းမိတ်ဆက်ခြင်းဖြစ်သည်။ သင်တန်းဆရာသည် ထိုအခွင့်အရေးကိုအသုံးပြု၍ သင်တန်းသားများ၏ဥပဒေဆိုင်ရာကျွမ်းကျင်မှု့အဆင့်၊နိုင်ငံတကာလူ့အခွင့်အရေးဥပေဒကိုသူတို့မည်မျှကျွမ်းဝင်ရင်းနှီးသည်၊ နားလည်သည်ကိုစစ်ဆေးသင့်သည်။ သင်တန်းဆရာသည် သူ/သူမ၏ပြောဆိုသုံးနှုန်းသည့်ဘာသာစကားကိုအလျင်းသင့်သလိုလိုက်လျောညီထွေသုံးရမည်ဖြစ်ပြီး၊လိုအပ်သလိုအလေးအနက်ပြောရန်နှင့် ပါဝါပွိုင့်ဆလိုက်များ၏စာသားများကိုလည်း အခြေအနေအရပြင်ဆင်ရေးသားရမည်။

သင်တန်းချိန်အတွင်းသင်တန်းသားများပါဝင်ရန်၊အချင်းချင်းဆွေးနွေးရန်နှင့်လေ့ကျင့်ခန်းလုပ်ရန်၊ အထူးသဖြင့်ဆလိုက်ထဲမှအကြောင်းအရာတို့ကိုသူတို့စဉ်းစားလာစေရန်မေးခွန်းများမေးခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်သည့်အဖွဲ့အစည်းများသို့တင်ပြဖူးသည့်အတွေ့အကြုံရှိသူများကိုလည်းအခြားသင်တန်းသားများအားအတွေ့အကြုံမျှဝေပေးရန် သင်တန်းဆရာမှအားပေးတိုက်တွန်းသင့်သည်။

ဆလိုက် ၃ နှင့် ၄ နောက်ပိုင်းတွင်ဤအပိုင်း၏သင်ရိုးကို အဓိကအပိုင်းကြီး ၂ပိုင်းအဖြစ်ခွဲထားသည်။ ပထမအပိုင်းတွင် နိုင်ငံများ/အစိုးရများ၏တာဝန်များ(ဆလိုက် ၅-၁၂)- က) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်နှင့်ဆက်နွယ်၍(ဆလိုက် ၆-၇) နှင့် CARSV ကို အစိုးရနှင့် အစိုးရမဟုတ်သူအဖွဲ့အစည်းများမှ ကာကွယ် တားဆီးရန်တာဝန် ၊ နှင့် ခ) CARSV ကိုတုန့်ပြန်မှု့နှင့်ပတ်သက်၍ (ဆလိုက် ၈-၁၁)စစ်ဆေးမေးမြန်းရန်၊တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်ချမှတ်ရန်၊ နှင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုကျူးလွန်သူမှာ အစိုးရအရာရှိများဖြစ်စေ၊စစ်တပ်ဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တဦးတယောက်ဖြစ်စေ ကျူးလွန်ခံရသူကို ပြန်လည် ကုစား ပေးလျှော်ရန် အစိုးရ၏တာဝန် များကိုတင်ပြထားသည်။ သင်တန်းဆရာကိုလည်းသူ၏ကိုယ်တိုင်တွေ့ကြုံခဲ့သည်များ၊သို့မဟုတ် အစိုးရအနေဖြင့် နိုင်ငံတကာဥပဒေစည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်ချိုးဖောက်ခဲ့သည့်သာဓကများကိုပြသရန် သို့မဟုတ် လုပ်ထုံးလုပ်နည်းတွင်ပါသောစီရင်ထုံးဥပဒေ ကိုရည်ညွှန်းခြင်းများဆောင်ရွက်ရန်အားပေးထားပါသည်။

ဒုတိယပိုင်း(ဆလိုက်၁၃-၁၉)တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကိုမှတ်တမ်းပြုရန်မူဘောင်နှင့် အစိုးရအနေနှင့်၄င်း၏လုပ်ရပ်များနှင့် ပျက်ကွက်မှု//ထိန်ချန်ခြင်းများအတွက် တာဝန်ခံမှု ရှိစေရန် မည်သည့်သတင်းအချက်အလက်များကိုစုဆောင်းရမည်ဆိုသည်နှင့်ပတ်သက်သောပါဝင်သည့်အင်္ဂါရပ်အမျိုးအစားနှစ်မျိုး(မည်သည့်အခွင့်အရေးကိုချိုးဖောက်သည်နှင့်အစိုးရကမည်သို့တာဝန်ရှိသည်)တို့ကိုပြထားသည် ။ အောက်ပါအချို့အရေးကြီးအချက်များကို သင်တန်းဆရာမှအလေးပေးသင့်သည်-

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍လူ့အခွင့်အရေးပဋိညာဉ်အတော်များများတွင်တိတိကျကျ ရှင်းရှင်းလင်းလင်း တားမြစ်ထားခြင်းမပါဝင်ချေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာအလိုမတူဘဲ၊အခွင့်အရေးကိုချိုးဖောက်ခြင်းမှတားမြစ်သည်သာဖြစ်ပြီးညှင်းပန်းနှိပ်စက်ခြင်းနှင့်အခြားမတရားအနိုင့်အထက်ပြုသည့်ဆက်ဆံခြင်းပုံစံဖြင့်သာထားကြသည်။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်တခုတည်းကပင်အခြားအခွင့်အရေးဆိုင်ရာနောက်ဆက်တွဲချိုးဖောက်မှုများစွာဖြစ်ပေါ်လာနိုင်သည် (အသက်ရှင်နေထိုင်ခွင့်မှသည်၊ ကျန်းမာသည့်ဘဝအခွင့်အရေး၊ ပညာရေး၊ခွဲခြားနှိမ်ချဆက်ဆံမခံရရေးနှင့်ထိရောက်သည့်ကုစားမှုနှင့်နစ်နာသည်များကိုနစ်နာကြေးအလျော်အစားရခြင်း..နောက်ထပ်များစွာရှိသေးသည်)

- အဆိုပါအခွင့်အရေးများနှင့်ဥပဒေဆိုင်ရာအင်္ဂါရပ်များသည်သက်သေပြရန်ကိုးကားနိုင်သည့်ဥပဒေမူဘောင်ကိုမူတည်၍ကွဲပြားနိုင်သည်။

နိုင်ငံတကာခုံရုံးများနှင့် လူ့အခွင့်အရေးတရားရုံးများနှင့်ကော်မရှင်များမှစီရင်ထုံးဥပဒေ သည်မုဒိမ်းနှင့်အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုက ညှင်းပန်းနှိပ်စက်ခြင်းနှင့်မတရားအနိုင့်အထက်ပြုကျင့်ခြင်းမှတားမြစ်ထားသည်ကိုလုံးဝချိုးဖောက်သည်အထိဖြစ်နိုင်သည်ဟုသတ်မှတ်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

- ညှင်းပန်းနှိပ်စက်မှုနှင့်CARSVအပါအဝင်ကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်နှင့် တုန့်ပြန်ရန်တာဝန်ကို အစိုးရမှလိုက်နာရန် ပျက်ကွက်ခြင်းသည် ပင်မအရင်းခံအခွင့်အရေးများဖောက်ဖျက်ခံရသည်ဖြစ်စေ/မခံရသည်ဖြစ်စေ၊နည်းလမ်းမကျသည့် လုပ်ထုံးလုပ်နည်းဖောက်ဖျက်ခြင်းကိုဖြစ်စေသည်။

အချက်အလက်များစုဆောင်းရာတွင်ပြုကျင့်ကျူးလွန်ခံရသူပေါ်သက်ရောက်ခဲ့သည့်အန္တရာယ်ကိုမှတ်သားရေးသွင်းရန်အရေးကြီးကြောင်းသင်တန်းဆရာမှထပ်တလဲလဲပြောဆိုရမည်၊သို့မှသာကျူးလွန်မှုနှင့်ဆိုင်သောအချို့ဥပဒေအင်္ဂါရပ်များပြည့်စုံမည်ဖြစ်ပြီး(ဥပမာ-ညှင်းပန်းနှိပ်စက်မှုတွင်ထိုလုပ်ရပ်သည်ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊စိတ်ပိုင်းဆိုင်ရာဖြစ်စေပြင်းထန်စွာနာကျင်ခြင်း၊ခံစားရခြင်းကိုကျရောက်စေသည်)နစ်နာကြေး/ပြန်လည် ကုစား ပေးလျှော်မှုအတွက် အခြေခံတခုရရှိနိုင်မည်ဖြစ်သည်။ အစိုးရက CARSV ဖြစ်ခဲ့ကြောင်းသိရှိပြီး သို့မဟုတ်
သိသင့်သည်ဆိုသည့်သက်သေအထောက်အထားများကိုတိုက်ရိုက်ဆက်သွယ်၍ဖြစ်စေ၊ကုလသမဂ္ဂ၊အစိုးရမဟုတ်သောအဖွဲ့အစည်းသို့မဟုတ်မီဒီယာများမှတဆင့်ပြနေသော်လည်း၄င်း၏တရားစီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်းမှပုဂ္ဂိုလ်များကိုကာကွယ်ရန်ပျက်ကွက်သည်များဆိုလျှင်၊ယင်းသက်သေအထောက်အထားများကိုစုဆောင်းသင့်သည်။နောက်ဆုံးအနေနှင့်၊CARSVနှင့်အခြားကြီးမားသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်ကျူးလွန်ခံရသူမှတိုင်တန်းခြင်းမရှိပါလျက်အစိုးရမှစုံစမ်းစစ်ဆေးရန်တာဝန်ဖြစ်ပေါ်လာလျှင်လည်း သက်သေအထောက်အထားစုဆောင်းခြင်းသည်အသုံးဝင်သည်။ယင်းမှာကျူးလွန်ခံရသူသည် တရားမျှတမှုရယူရန်နှင့် ပြန်လည်ကုစား ပေးလျှော်မှုရရန် ကြိုတင်ဆောင်ရွက်နေကြောင်းပြသသည်။ဥပမာ-စုံစစမ်းစစ်ဆေးမေးမြန်းသည့်အဖွဲ့သို့သတင်းအချက်အလက်ပေးခြင်း။ ထိုသတင်းအချက်အလက်များသည် ကျူးလွန်ခံရသူမှမိမိတိုင်းပြည်အဆင့်တွင်ကျေနပ်မှုမရှိပဲဒေသတွင်းသို့မဟုတ်နိုင်ငံတကာအဆင့်မှကိုင်တွယ်ဖြေရှင်းချက်မတောင်းခံမီ၊မိမိတိုင်းပြည်တွင်းကုစားနည်းများဖြင့်ကုစားရာတွင်မအောင်မြင်ခဲ့ကြောင်းပြသရန်အတွက်လိုအပ်သည်။

**<u>လေ့ကျင့်ခန်း အတွက်ညွှန်ကြားချက်</u>**

**"အစိုးရတာဝန်ကိုအကဲဖြတ်ရန်ခိုင်မာသည့်အမှုတခုကိုပိုင်းခြားစိပ်ဖြာကြည့်ခြင်း"လေ့ကျင့်ခန်းအတွက် လူ့အခွင့်အရေးဆိုင်ရာယန္တရားတခုခု ( ဥပမာ- ကုလသမဂ္ဂ ပဋိညာဉ် တခုခု CAT သို့မဟုတ် CEDAW သို့မဟုတ် လူ့အခွင့်အရေးကော်မရှင် မှ သို့မဟုတ် ဥရောပ၊အာဖရိက တရားရုံး သို့မဟုတ် အမေရိကတိုက်အတွင်းစနစ်များ ၏ဆုံးဖြတ်ချက် ) ဖြင့်စီရင်ခဲ့သည့်အမှန်တကယ်ဖြစ်ပွားခဲ့သောအမှုတခုကို သင်တန်းဆရာမှရွေးချယ်သင့်သည်။ထိုအမှုကိုပင် အခန်း ၆ ၏ အပိုင်းတပိုင်းဖြစ်သော "ပြန်လည် ကုစား ပေးလျှော်မှုအတွက်ခိုင်လုံသည့်နည်းလမ်းများကိုပိုင်းခြားစိပ်ဖြာခြင်း" ဆိုင်ရာလေ့ကျင့်ခန်းအတွက်သုံးနိုင်**

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

**သည်။ အကယ်၍ အခန်း ၆ သည် ယခုသင်တန်းတွင်ပါပြီးဖြစ်လျှင် သက်ဆိုင်ရာသင်ခန်းစာတပိုင်းဆုံးလျှင် လေ့ကျင်ခန်းတခုပေးခြင်း၊ သို့မဟုတ် အစိုးရတာဝန်နှင့် ပြန်လည် ကုစား ပေးလျော်မှုဆိုင်ရာနည်းလမ်းများကို အခန်း ၆ အဆုံးတွင်မေးခွန်းများအားလုံးကိုလေ့ကျင့်ခန်းတခုထဲသို့ထည့်ပေါင်းမည်ဟုသင်တန်းဆရာမှစဉ်းစားလျှင်လည်းရပါသည်။** အမှုအသွားအလာအရ သင်တန်းဆရာရွေးချယ်ဆုံးဖြတ်ချက်သည် ပြန်လည် ကုစား ပေးလျော်မှုပုံစံအမျိုးမျိုးအတွက် အမိန့်ပေးခြင်း သို့မဟုတ် အကြံပေးထောက်ခံခြင်းဖြစ်စေရမည်။

ယခုအပိုင်းအတွက်အချိန်နှင့်သင်တန်းသားအရေအတွက်ကိုကြည့်၍သင်တန်းဆရာမှသင်တန်းသားများကို အုပ်စုခွဲသင့်သည်(အုပ်စု၂စုကအသင့်တော်ဆုံးဖြစ်သည်)။
ယခုအုပ်စုများတွင်ပါဝင်ပုံမှာယခင်လေ့ကျင့်ခန်းများနှင့်မတူရန်နှင့်သင်တန်းသားများထဲမှဥပဒေပညာကျွမ်းကျင်သူများကိုလည်းအခြားသင်တန်းသားများကိုကူညီလမ်းပြပေးရန်အုပ်စုထဲတွင်ညီမျှစွာဖြန့်ပြီးထည့်ထားနိုင်ရေးကို သင်တန်းဆရာမှစီစဉ်ရမည်။

သင်တန်းဆရာသည် လူ့အခွင့်အရေးဆိုင်ရာယန္တရားတခုခုမှ သင်တန်းသားများနှင့်ဆိုင်ပြီးသီးသန့်လိုအပ်သည့် ဆုံးဖြတ်ချက်တခုကိုသင်တန်းအတွင်း ဖြစ်နိုင်သမျှ ရွေးချယ်ပေးသင့်သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခန်း ၅ တွင် စီရင်ထုံးဥပဒေနှင့်ဆိုင်သည့် ကိုးကားရန်အချက်အများအပြားပါဝင်သဖြင့်ယခုလေ့ကျင့်ခန်းနှင့် အခန်း ၆(ပြန်လည် ကုစား ပေးလျော်မှု)အတွက် လေ့ကျင့်ခန်းများတွင် သုံးနိုင်သည်။သင်တန်းဆရာကစီရင်ချက်အမှုထဲမှ
အချက်အလက်များကိုကောက်နှုတ်ပြီးသင်တန်းတွင်ဝေပေးသင့်သည်။ဆွေးနွေးရန်အချိန်ပေးရမည်ဖြစ်သဖြင့်ထိုသို့ကောက်နှုတ်ထားသည့်အချက်များရှည်လျားလွန်းရန်မသင့်ပါ။
ယေဘုယျအားဖြင့်ဆိုလျှင်ကုလသမဂ္ဂပဋိညာဉ်အဖွဲ့ကထုတ်ပြန်သည့်ဆုံးဖြတ်ချက်များမှာ ရှည်လျားလေ့မရှိပါ။ အုပ်စု(၁)က လျှောက်ထားသူကဲ့သို့ ကိုယ်စားပြုသည့်အသွင်ဆောင်ပြီး အုပ်စု(၂)ကသက်ဆိုင်ရာလူ့အခွင့်အရေးယန္တရားကဲ့သို့ကိုယ်စားပြုအသွင်ဆောင်ရမည်။

သင်တန်းဆရာမှမိနစ် ၃၀ခွင့်ပြုချိန်တွင်သင်တန်းသားများက

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

- အမှု၏အချက်အလက်များကိုသာဖတ်ရန်သို့မဟုတ်အမှုမှကောက်နှုတ်ထားသည့်သက်ဆိုင်ရာအချက်များကိုဖတ်ရန်၊လေ့ကျင့်ခန်းဆလိုက်ပေါ်မှမေးခွန်းများဖြေရန်အတွက်သက်ဆိုင်မှုအရှိဆုံးစာမျက်နှာများကိုရှာဖွေရန်
- မေးခွန်းများကိုဖြေရန်အုပ်စုအတွင်းဆွေးနွေးရန် ၊နှင့်
- အုပ်စုလိုက်ဆွေးနွေးခဲ့သည့်ရလာဒ်များကိုသင်တန်းတခုလုံးရှေ့တွင်တင်ပြရန်ကိုယ်စားလှယ်တစ်ဦးရွေးချယ်ရန် တို့ဆောင်ရွက်ရမည်။

အုပ်စုတစုစီကို မေးခွန်းတခုစီအတွက် သူတို့၏အဖြေများမှတ်သားရန် စာရွက်များ သို့မဟုတ် သင်ပုန်းအဖြူတစ်ခုပေးထားသင့်သည်။ ပထမပိုင်းမိနစ်၃၀ပြည့်လျှင်လေ့ကျင့်ခန်းကိုသင်တန်းတခုလုံးနှင့်ဆက်လုပ်ရမည်။ အုပ်စုမှကိုယ်စားလှယ်တစ်ဦးချင်းစီ ကိုသူ/သူမ အဖွဲ့ မှရရှိသည့်အဖြေများသင်တန်းတခုလုံးသို့တင်ပြရန်အတွက်၁၅မိနစ်ခန့်အချိန်ပေးသင့်သည်။
တင်ပြချက်တစ်ခုချင်းစီအပြီးတွင်သက်ဆိုင်ရာအုပ်စုမှသင်တန်းသားများအနေနှင့်အဖြေများအပြီးမသပ်မီထပ်ဖြည့်ရန်အချက်များရှိမရှိ သင်တန်းဆရာက မေးမြန်းသင့်သည်။

လေ့ကျင့်ခန်း ပြီးဆုံးလျှင် စွဲဆိုချက်များနှင့် ဥပဒေအရတွေ့ရှိချက်များအပါအဝင် ရွေးချယ်ထားသည့်လူ့အခွင့်အရေးယန္တရား၏စီရင်ချက်များသို့မဟုတ်ဆုံးဖြတ်ချက်များမှသက်ဆိုင်ရာကောက်နှုတ်ချက်များဒုတိယအစုံကို သင်တန်းဆရာမှဝေငှနိုင်သည်။ သင်တန်းသားများက ဆုံးဖြတ်ချက်အပြည့်အစုံကိုသော်၎င်း၊ စိတ်ဝင်စားလျှင်သက်ဆိုင်ရာကောက်နှုတ်ချက်များမှအချက်အလက်များနှင့်ဥပဒေဆိုင်ရာအပိုင်းတို့ကိုဆက်လက်လေ့လာခြင်းဖြင့်သော်၎င်းအဆုံးသတ်နိုင်သည်။ အကယ်၍ သင်တန်းက အခန်း ၆(ပြန်လည် ကုစားပေးလျော်မှု) ကို အုပ်မိပြီး ပြန်လည် ကုစားပေးလျော်မှုဆိုင်ရာလေ့ကျင့်ခန်းအတွက်တူညီသည့်အမှုတခုတည်းကိုသာသုံးလျှင် ၊ သက်ဆိုင်ရာကောက်နှုတ်ချက်ဒုတိယအစုံ ကို အခန်း ၆(ပြန်လည် ကုစား ပေးလျော်မှု) အတွက်လေ့ကျင့်ခန်းပြီးမှသာဝေငှသင့်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈